# ၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာမြေထွက်ပစ္စည်း ဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၄၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာမြေထွက် ပစ္စည်းဝယ်ယူမှုစည်းမျဉ်းသတ်မှတ်ရေးဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်၊ သတ်မှတ်သည့် နေ့ရက်များ၌ စတင်အာဏာတည်ရမည်။

၂။ တည်ဆဲအခြား တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အမိန့်ကြော်ငြာစာဖြင့် မည်သူမဆို ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့်နေ့ရက်မှစ၍ သီးခြားဖေါ်ပြသည့် ဒေသတွင် ကောက်ပဲသီးနှံလယ်ယာမြေထွက်ပစ္စည်း ဝယ်ယူရာ၌ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့် အဆိုပါပစ္စည်းတခုခုနှင့်စပ်လျဉ်း၍ သီးခြားဖေါ်ပြသည့် အချိန်အတွယ် ကိရိယာ အလေး တင်း တောင်း အတိုင်းအတာကို အသုံးပြုရမည်ဟု ညွှန်ကြားနိုင်သည်။

၃။ ။မည်သူမဆို အစိုးရပြဋ္ဌာန်းထားသော သီးနှံအမျိုးအစား အလိုက် ကောက်ပဲသီးနှံလယ်ယာမြေထွက်ပစ္စည်းများဝယ်ယူရာတွင်—

(၁) မမှန်ကန်သောအလေးချိန်ဖြင့် ဝယ်ယူလျှင် သော်၎င်း၊ သို့တည်းမဟုတ် မမှန်ကန်သော တင်း တောင်း အတိုင်း အတာနှင့် ဝယ်ယူလျှင်သော်၎င်း၊

(၂) မမှန်ကန်သော အချိန်အတွယ် ကိရိယာကိုသော်၎င်း၊ မမှန်ကန်သော တင်း တောင်း အတိုင်းအတာကို အသုံးပြုလျှင်သော်၎င်း၊

(၃) အစိုးရကပြဋ္ဌာန်းထားသည့်အတိုင်း၊အလေးချိန်ဖြင့် ဝယ်ယူရမည့် ပစ္စည်းကို အလေးချိန်ဖြင့် ဝယ်ယူခြင်း မပြုလျှင်သော်၎င်း၊ သို့တည်းမဟုတ် တင်း တောင်း အတိုင်း အတာဖြင့် ဝယ်ယူရမည့်ပစ္စည်းကို တင်း တောင်း အတိုင်း အတာနှင့် ဝယ်ယူခြင်း မပြုလျှင်သော်၎င်း၊ ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်ငွေ အနည်းဆုံး ၃,၀၀၀ိ ဖြစ်စေ၊ သို့တည်းမဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၄။ ဤဥပဒေအရဖြစ်သော ဖြစ်မှုတခုခုကို သက်ဆိုင်ရာ ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ၏ကြိုတင်ခွင့်ပြုချက်မရဘဲ၊ မည်သည့်တရားရုံးကမျှ အရေးမယူရ၊ ထို့ပြင် ပဋ္ဌမတန်းအာဏာရ ရာဇဝတ်တရားသူကြီး အောက်အဆင့်အတန်း နိမ့်သော မည်သည့်ရာဇဝတ်တရားသူကြီးကမျှ ထိုဖြစ်မှုမျိုးကိုမစစ်ဆေးရ။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သူ့ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်လုပ်ငန်းကိုမဆို၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် တခုခုနှင့်သက်ဆိုင်ခြင်းမှ ကြွင်းချက်များဖြင့် ဖြစ်စေ၊ ကြွင်းချက်မပါဘဲ ဖြစ်စေ၊ ကင်းလွတ်ခွင့်ပေးနိုင်သည်။

၆။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါကိစ္စများအထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။